# UNFC အဖွဲ့ဝင်များ ညီညွတ်မှုကို လက်တွေ့ဖြင့်သက်သေပြရန်လို-

(ကန့်သတ်)

ယနေ့ UNFC ကို ယခင်တိုင်းရင်းသားများဒီမိုကရေစီတပ်ပေါင်းစု(NDF)နှင့် ၈၈-နောက်ပိုင်း အတိုက်အခံအင်အားစုများပါဝင်သော ဒီမိုကရက်တစ်မဟာမိတ်တပ်ပေါင်းစု(DAB)ကိုကဲ့သို့ ဖြိုခွဲဖျက်ဆီးရန် ပြည်ထောင်စုအာဏာကို ထိန်းချုပ်ထားသော စစ်အုပ်စုက အနု-အကြမ်းနည်းမျိုးစုံဖြင့် ဗမာပြည်နိုင်ငံရေးကို ကြိုးကိုင်ချယ်လှယ်နေသည်။

တဖက်တွင် ဦးသိန်းစိန်ဦးဆောင်သော ပြည်သူ့တပိုင်းအစိုးရကို ပြည်သူလူထုကိုသော်၄င်း၊ တိုင်းရင်းသားလူမျိုးများကိုသော်၄င်း၊ နိုင်ငံတကာကိုသော်၄င်း ရှေ့တန်းတင် ကပြခိုင်းထားပြီး၊ မိမိတို့စစ်အုပ်စုအတွက် အခွန့်ရာယ်ပေးနိုင်သည့်ပြဿနာများကိုမူ မိမိတို့ကိုယ်တိုင် ကြိုးကိုင်ဖြေရှင်းနေသည်။ ဥပမာ- နိုင်ငံရေးအကျဉ်းသားများလွှတ် မြောက်ရေးကိစ္စ၊ တိုင်းရင်းသားများတပ်ပေါင်းစုသစ်ဖြစ်သော UNFC နှင့်အဖွဲ့ဝင်များကိစ္စ၊ ပြည်တွင်းစစ်ရပ်စဲရေးကိစ္စ၊ ကချင်နှင့်ရှမ်းပြည်နယ်အတွင်း ထိုးစစ်ဆင်နေမှုကိစ္စ.....စသည်ဖြင့်။

ဦးသိန်းစိန်အစိုးရသည်လည်း မိမိတို့စစ်အုပ်စုအတွက် နိုင်ငံတော်အာဏာကို တရားဝင်ထိန်းချုပ်ပိုင်ခွင့်ပြုထားသော ၂၀၀၈-ခု နိုင်ငံ့အုပ်ချုပ်ပုံအခြေခံဥပဒေကို အောင်မြင်အောင်အကောင်အထည်ဖေါ်နေခြင်းသာဖြစ်သည်ကို အထူးသတိရှိရန်လိုသည်။ ဆိုလိုရင်းမှာ စစ်အုပ်စုထိန်းချုပ်ထားသော စည်းကမ်းရှိသောဒီမိုကရေစီအောက်တွင် (ကိုယ်ပိုင်ပြဌာန်းခွင့်နှင့်တန်းတူညီမျှမှုမရှိသော) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့်ပြည်ထောင်စုမပြိုကွဲရေးတို့သည် စစ်အုပ်စုအာဏာမြဲရေးအတွက်သာဖြစ်သည်။

စစ်အုပ်စုထိန်းချုပ်မှုရေရှည်တည်တံ့ရေးကို ဖန်တီးနေခြင်းသည် သူတို့၏အနုမြူဗုံးပိုင်ဆိုင်ရေးမဟာဗျူဟာအောင်မြင်သည်အထိ ဖြစ်သည်။ နောင် ၁၂-၁၅-နှစ်အတွင်း ယင်းအဆင့်သို့ရောက်ခဲ့လျှင်-

၁။ လက်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံသည် မြောက်ကိုရီးယားကဲ့သို့ စစ်အုပ်စု၏ တသွေးတသံတမိန့်အောက်တွင် စည်းကမ်းရှိသောဒီမိုကရေစီနှင့် ဗဟိုမှထိန်းချုပ်ထားသော တိုင်းရင်းလူမျိုးများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်သို့ လျောကျသွားပြီး စတုတ္ထမြန်မာ့အင်ပါယာအဆင့် အခိုင်အမာရောက်ရှိသွားပေမည်။

၂။ စစ်မှန်သောဒီမိုကရေစီရပိုင်ခွင့်တိုက်ပွဲများနှင့် ပင်လုံစာချုပ်ကအာမခံထားသော နိုင်ငံရေးအရတန်းတူရေးနှင့်တိုင်းရင်းသားလူမျိုးများ ကိုယ်ပိုင်ပြဌာန်းခွင့် (သို့မဟုတ်) ကိုယ့်ကြမ္မာကိုယ်ဆုံးဖြတ်ဖန်တီးခွင့်ရရှိရေးတိုက်ပွဲများ နိဂုံးချုပ်သွားရမည်။

၃။ ဒေသအတွင်း နျူကလီယားလက်နက်ပိုင်ရှင်အဖြစ် အိမ်နီးချင်းနိုင်ငံများအား ခြိမ်းခြောက်မည့်အန္တရာယ်ရှိလာသည်နှင့်အမျှ ဒေသတွင်းနျူကလီယားပြိုင်ဆိုင်မှုများ ဖြစ်လာနိုင်သည်။

## ပြည်တွင်းစစ်ရပ်ဆိုင်းခြင်းသည် ငြိမ်းချမ်းရေးလား-

၁၉၄၇-ခုနှစ်မှာပင် ဗမာအမတ်အများစုထိန်းချုပ်ထားသော ဖ၊ဆ၊ပ၊လညီလာခံကြီးက ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုရေးဆွဲခဲ့ရာ ပင်လုံစာချုပ်ပါသဘောတူညီချက်များကိုဖေါက်ဖျက်ပြီး တပြည်ထောင်စနစ်ကို ရေးဆွဲအုပ်ချုပ်ခဲ့သည်။ တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့်နိုင်ငံရေးအရတန်းတူရပိုင်ခွင့်များ ဆုံးရှုံးခဲ့ရသည်။ ၁၉၄၈-၁၉၆၂-ခုထိ ပါလီမန်ဒီမိုကရေစီခေတ်တွင် တိုင်းရင်းသားပါလီမန်အမတ်များက ပါလီမန်တွင်း၌ ဒီမိုကရေစီနည်းဖြင့် မိမိတို့နိုင်ငံရေးရပိုင်ခွင့်များကို တိုက်ပွဲဝင်ခဲ့ကြပြီးဖြစ်သည်။ ၁၉၆၂-ခုကပင် ဗိုလ်နေဝင်းအာဏာသိမ်းခဲ့ရာမှ ယနေ့ထိ စစ်အာဏာရှင်စနစ်အောက်တွင် ဒီမိုကရေစီဆိပ်သုဉ်းပြီး နိုင်ငံရေးကိုနိုင်ငံရေးနည်းဖြင့် ဖြေရှင်းခွင့်မရခဲ့ချေ။ မိမိတို့၏ တရားသော နိုင်ငံရေးရပိုင်ခွင့်တိုက်ပွဲကို ဗမာ့စစ်အုပ်စုက လက်နက်အားကိုးဖြင့်ဖိနှိပ်ချုပ်ချယ်ခြေမှုန်းလာခဲ့သဖြင့် ပြည်တွင်းစစ်မီးတောက်လောင်ခဲ့ရခြင်းဖြစ်သည်။ သို့ဖြစ်၍ ပြည်တွင်းစစ်၏အဓိကတရားခံမှာ မဟာဗမာလူမျိုးကြီးဝါဒီ(ယနေ့စစ်အုပ်စု)ဖြစ်သည်။

ပြည်တွင်းစစ်ရပ်ဆိုင်းရုံဖြင့် ငြိမ်းချမ်းရေးမရနိုင်။ ပြည်တွင်းစစ်ရပ်ဆိုင်းခြင်းသည် ဖြစ်ရှိနေသောနိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းဖို့အတွက်သာဖြစ်ရမည်။ ယင်းသို့ဖြေရှင်းလိုသည့်ဆန္ဒမရှိလျှင် စစ်ရပ်ဆိုင်းခြင်းသည် အဓိပ္ပါယ်မရှိချေ။ သို့ဖြစ်၍ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်မဖြေရှင်းနိုင်သရွေ့ မျိုးဆက်တဆက်ပြီးတဆက် ပြည်တွင်းစစ်မီးတောက်လောင်နေမည်သာဖြစ်သည်။ စစ်အုပ်စုလက်တွင်းနိုင်ငံ့အာဏာရှိနေသရွေ့ နိုင်ငံရေးပြဿနာကိုနိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန် ဝေးနေဦးမည်။ အနဲဆုံး နောက်ထပ်နှစ်ပေါင်း၁၅-နှစ် ရှည်ကြာဦးမည်။ ၂၀၀၈-ဖွဲ့စည်းပုံက ဤအခြေအနေကို ဖန်တီးထားသည်။

## ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေး (သို့မဟုတ်) နိုင်ငံရေးဆွေးနွေးပွဲ-

ငြိမ်းချမ်းရေးဆိုရာ၌ ရပ်တည်ချက်၂-မျိုး ရှိသည်။ ပထမအုပ်စုမှာ ၂၀၀၈-ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဘောင်တွင် ရပ်တည်နေသည့် လက်ရှိအစိုးရနှင့်၊ ဒုတိယအုပ်စုမှာ ၁၉၄၇-ခု ပင်လုံသဘောတူညီချက်အပေါ်အခြေခံထားသည့် အဖိနှိပ်ခံတိုင်းရင်းသားလူမျိုးများဖြစ်ကြသည်။ **ပထမ** ရပ်တည်ချက်မှာ တပြည်ထောင်စနစ် (သို့မဟုတ်) စစ်အင်ပါယာစနစ်တွင် ရပ်တည်နေပြီး၊ **ဒုတိယ** ရပ်တည်ချက်မှာ တိုင်းရင်းသားလူမျိုးတိုင်း နိုင်ငံရေးအရတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အာမခံချက်ရှိသော စစ်မှန်သောဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဖြစ်သည်။

ပြည်တွင်းငြိမ်းချမ်းရေးကြွေကြော်သံအောက်တွင် ဦးသိန်းစိန်အစိုးရက ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာကိုချမှတ်ရပ်တည်နေပြီး၊ အဖိနှိပ်ခံတိုင်းရင်းသားလူမျိုးများက နိုင်ငံရေးဆွေးနွေးပွဲမဟာဗျူဟာကို ကိုင်စွဲထားသည်။ ဤမဟာဗျူဟာ၂-ခုသည် (၃နှင့်၄) ကဲ့သို့ တခုနှင့်တခု ဆန့်ကျင်ဖက်လွန်ဆွဲနေကြသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုရွေးချယ်လျှင် အမျိုးသားနိုင်ငံရေးရပိုင်ခွင့်များ (နိုင်ငံရေးအရတန်းတူရေးနှင့် ကိုယ့်ကြမ္မာကိုယ်ဆုံးဖြတ်ဖန်တီးပိုင်ခွင့်ရရှိရေးတိုက်ပွဲ)ကို (ထာဝရ) စွန့်လွှတ်ရမည်။ ယင်းသို့မဟုတ်လျှင် နိုင်ငံရေးအရ အမျိုးသားရေးရပိုင်ခွင့်များ (နိုင်ငံရေးအရတန်းတူရေးနှင့် ကိုယ့်ကြမ္မာကိုယ်ဆုံးဖြတ်ဖန်တီးပိုင်ခွင့်ရရှိရေးတိုက်ပွဲ)ကိုရွေးချယ်လျှင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို (ယာယီ) စွန့်လွှတ်ရမည်။

မိမိတို့အနေဖြင့် နောင်မျိုးဆက်သစ်များကို ဂုဏ်ကျက်သရေမဲ့သောသူ့ကျွန်ဘဝတွင် အဖိနှိပ်ခံကျွန်ဘဝဖြင့် ဆက်လက်ထားခဲ့မည်လား။ သို့မဟုတ် ကိုယ့်ကြမ္မာကိုယ်ဆုံးဖြတ်ပိုင်ခွင့်ရှိသော၊ ဂုဏ်သိက္ခာရှိသောလူမျိုးဘဝဖြင့် ရပ်တည်နိုင်မည့်ဘဝကို ဖန်တီးတည်ဆောက်ပေးခဲ့မည်လား။ **ဒေသဖွံ့ဖြိုးတိုးတက်ရေးသည်** အပေါ်ယံလူ့မလိုင်တစုအတွက်သာဖြစ်ပြီး ယင်းသည် ယာယီသာဖြစ်သည်။ **နိုင်ငံရေးရပိုင်ခွင့်သည်** အောက်ခြေပြည်သူထုအပါအဝင် မိမိတို့အမျိုးသားတရပ်လုံး အရှည်သဖြင့်တည်တံ့ခိုင်မြဲမည့် အာမခံရှိသောငြိမ်းချမ်းရေးနှင့်တိုးတက်ဖွံ့ဖြိုးရေးကို တည်ဆောက်ပေးနိုင်မည်ဖြစ်သည်။ မိမိတို့၏ မျိုးဆက်သစ်များကို မည်သည့်အမွေ ပေးခဲ့ကြမည်နည်း။ မိမိတို့မျိုးဆက်တွင် လုံးဝတာဝန်ရှိသည်။ ပြည်သူ့တရားခံမဖြစ်ဖို့ အရေးကြီးသည်။

တဆက်တည်းတွင် ပထမအမျိုးအစားကိုရွေးချယ်ခဲ့လျှင့် နိုင်ငံရေးရပိုင်ခွင့်အတွက်တိုက်ပွဲဝင်နေသော တိုင်းရင်းသားလူမျိုးများ၏ ခုခံတော်လှန်စစ်သည် ခုခံတော်လှန်သံတချက်ကိုမျှမကြားခဲ့ရဘဲ လုံးပါးပါးပျက်ပြုံသွားရသည်ကို ငြိမ်းချမ်းရေးယူခဲ့ဖူးသောအင်အားစုများ ပို၍သဘောပေါက်နားလည်ကြသည်။ မိမိတို့အဖွဲ့အစည်းအတွင်း နှစ်ပေါင်းများစွာ သွေးစည်းညီညွတ်အောင်တည်ဆောက်ခဲ့ရသော ထက်-လယ်-အောက်စုစည်းမှုများ လောဘဇောကြောင့် ပြိုကွဲပျက်စီးသွားရမည့်အရေး စဉ်းစားရမည်။ ပြည်သူတရပ်လုံး ကျွန်တွင်းနက်ရမည့်အရေး ထည့်တွက်ထားရမည်။
(လာမည့် ၁၅-နှစ်အတွင်း နျူကလီယားပိုင် စတုတ္ထဗမာ့အင်ပါယာဖြစ်လာမည်ကို အမြဲသတိရှိသင့်သည်။)

## UNFC နှင့် ကချင်ပြည်တွင်း စစ်ဆင်ရေး။

သမတဦးသိန်းစိန်အစိုးရက ကချင်ပြည်တွင်းစစ်ဆင်ရေးများရပ်တန့်ရန် အမိန့်ထုတ်ပြန်ခဲ့သည်မှာ တလကျော်လာပြီဖြစ်သော်လဲ ယနေ့ထိ ကချင်ပြည်နယ်အတွင်း ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပို၍များပြားလာနေသည်။ ဤအချက်သည်-
၁။ နိုင်ငံတော်လုံခြုံရေးကိစ္စတွင် သမတဦးသိန်းစိန်၏ ဩဇာသက်ရောက်မှု မရှိသည်ကို ပြသနေသလိုဖြစ်နေခြင်း။
၂။ NDF, DAB တို့ကိုမ’တည်ပေးခဲ့သော KNU ၏ အမာခံနယ်မြေ မာနာပလောကို ခြေမှုန်းလိုက်ခြင်းဖြင့် NDF, DAB တို့ မရပ်တည်နိုင်ခဲ့သကဲ့သို့ KIO/KIA ကို အလဲထိုးနိုင်လျှင် UNFC ကိုလည်း အလဲထိုးပြီးဖြစ်မည်ကို စစ်အုပ်စုက ဖန်တီးနေခြင်း။
၃။ “KIA တိုင်းဟာ ကချင်မဟုတ်ဘူး။ ဒါပေမဲ့ကချင်တိုင်းဟာ KIA ဖြစ်တယ်”ဟု တာဝန်ရှိအာဏာပိုင်တဦးက စွပ်စွဲကာ လူမျိုးရေးစစ် ဖြစ်အောင်ထိ လှုံ့ဆော်ခဲ့ခြင်း။ ယင်းနောက်ပိုင်း မြစ်ကြီးနားမြို့ပေါ်တွင် ဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ခဲ့ခြင်း။
၄။ UNFC သည် တိုင်းရင်းသားလူမျိုးများ၏နောက်ဆုံးတိုက်ပွဲဖြစ်သလို ဗမာပြည်နိုင်ငံရေးကိုလည်း အဆုံးအဖြတ်ပေးနိုင်ခြင်း။
၅။ တိုင်းရင်းသားလူမျိုးများအားလုံး နိုင်ငံရေးအရတန်းတူညီမျှရေး/ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေးသည် ယနေ့စတုတ္ထဗမာ့အင်ပါယာဝါဒီများအတွက် နိဂုံးချုပ်စေမည့် အန္တရာယ်ကို ဖြစ်စေခြင်း။
၆။ သို့ဖြစ်၍ UNFC ကို စတင်ဖွဲ့စည်းခဲ့သော KIO/KIA ကို စစ်ဦးကျိုးအောင် မဲပြီးတိုက်ခိုက်နိုင်ရန် အခြားတဖက်တွင် အခြားတိုင်းရင်းသားလက်နက်ကိုင်အင်အားစုများကို စစ်ရေးဖိအားလျှော့ထားခြင်း နှင့် လူထုအုံကြွမှုမဖြစ်ပေါ်စေရန် ဒီမိုကရေစီအင်

အားစုများကိုလည်း စည်းရုံးသိမ်းသွင်းထားခြင်း။
၇။ ဒီမိုကရေစီနိုင်ငံအလျင်အမြန်ဖြစ်လာလျှင် စစ်အုပ်စု၏နျူကလီယားအစီအစဉ်များ အကောင်အထည်ဖော်ခွင့်ရမည်မဟုတ်သည်ကို သိထား၍ ဒေါ်စုနှင့်ဒီမိုအုပ်စုအား အပျော့နည်းဖြင့် အချိန်ဆွဲထိန်းထားခြင်း။
၈။ နောက်ဆုံး မြောက်ကိုရီးယား၏ နိုင်ငံတော်အာဏာကိုချုပ်ကိုင်ထားသည့် စစ်အုပ်စုကြိုးကိုင်အစိုးရမျိုး တည်ဆောက်နိုင်မှ စတုတ္ထဗမာ့အင်ပါယာကို မဟာဗမာလူမျိုးကြီးဝါဒီ(ယနေ့စစ်အုပ်စု)များ ဆက်လက်အုပ်ချုပ်သွားနိုင်မည် ဖြစ်ခြင်း။

## UNFC အဖွဲ့ဝင်များညီညွတ်မှု ပိုမိုခိုင်မာရေး-

UNFC အဖွဲ့ဝင်များထဲတွင် တူညီသောနိုင်ငံရေး/စစ်ရေးရပ်တည်ချက် အခိုင်အမာရှိရန်လိုသည်။ ယင်းသို့ဖြစ်ရှိစေရန်အတွက် အတိတ်ကဖြစ်ရပ်များမှ သင်ခန်းစာထုတ်ယူတတ်ဖို့လိုအပ်သကဲ့သို့ လက်ရှိပကတိအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကိုအထူး ဂရုပြုတာဝန်ကျေရန်မှာ ပို၍အရေးကြီးပါသည်။ မိမိတို့၏မဟာဗျူဟာဦးတည်ချက်ကို အရောက်ပို့ပေးမည့် လက်ရှိနှင့်အနာဂတ်လုပ်ငန်းစဉ်များကိုသာ မတွေဝေ၊မယိမ်းယိုင်ဘဲ ညီညီညွတ်ညွတ်နှင့် တစိုက်မတ်မတ်လုပ်ဆောင်သွားဖို့ အထူးအရေးကြီးပါသည်။ ယင်းသို့ ဘုံလုပ်ငန်းများဖြင့်သာ မိမိတို့၏ညီညွတ်မှုကို ပိုမိုခိုင်မာစေရပါမည်။ အမြဲသတိရှိရန်လည်း လိုအပ်ပါသည်။

တိုင်းရင်းသားလူမျိုးများပြဿနာကို UNFC အနေဖြင့်သာရပ်တည်ဖြေရှင်းနိုင်မှ တိုင်းရင်းသားအားလုံးအတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့်တူညီသောနိုင်ငံရေးအခွင့်အလမ်းများကို အမှန်အကန်ရရှိနိုင်မည် ဖြစ်သည်။

UNFC ၏နိုင်ငံရေးမဟာဗျူဟာမှာ ပင်လုံစာချုပ်တွင် သဘောတူအာမခံထားသော တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တူညီသောနိုင်ငံရေးရပိုင်ခွင့်များ ရရှိရေး ဖြစ်သည်။ ဤနိုင်ငံရေးရပိုင်ခွင့်များကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းနိုင်ရေးသည် အလွန်အရေးကြီးသည်။ ယင်းကြောင့် နိုင်ငံရေးဆွေးနွေးပွဲဖြစ်လာရေးသည် မျက်မြေမပြတ် အမြန်ဆုံးလုပ်ရမည့် လုပ်ငန်းဖြစ်သည်။ နိုင်ငံရေးဆွေးနွေးပွဲ ဖြစ်ပေါ်လာရေးသည် အဓိကဦးတည်ထားရမည့် ပစ်မှတ်ဖြစ်သည်။

လက်ရှိစစ်အုပ်စုထိန်းချုပ်ထားသောအစိုးရသည် မိမိတို့၏တိုင်းရင်းသားလူမျိုးများရပိုင်ခွင့်ကို အလွယ်တကူဖြင့်ပြန်လေပေးအပ်မည့်အခြေအနေမရှိချေ။ သူတို့ကိုယ်တိုင် လက်နက်အားကိုးဖြင့် နိုင်ငံတော်အာဏာကိုထိန်းချုပ်ထားသည်နှင့်အညီ ဆက်လက်ထိန်းချုပ်ရန်သာ နည်းလမ်းရှာဖွယ်လိမ့်မည်။ နိုင်ငံရေးစကားဝိုင်းဆွေးနွေးပွဲကိုခေါ်မည့်အစား စစ်ရေးဖိအားကိုသာ တိုးလာမည်။ မိမိတို့ဖက်မှလည်း တန်ပြန်ဖိအားပေးနိုင်ဖို့လိုသည်။ သို့ဖြစ်၍ စစ်ရေးတွန်းအားကို အဓိက လိုအပ်လာခြင်းဖြစ်သည်။

## နိုင်ငံရေးဆွေးနွေးပွဲအတွက် စစ်ရေးအရ FUA ဖိအားလို-

သို့ဖြစ်၍ နိုင်ငံရေးဆွေးနွေးပွဲဖြစ်ပေါ်လာရေးအတွက် စစ်ရေးဖိအားသည် အထူးလိုအပ်လာသည်။ စုစည်းထားသော ဖယ်ဒရယ်ပြည်ထောင်စုတပ်ဖွဲ့(FUA)၏ အမြဲတမ်းတပ်ဖွဲ့စည်းရေးကိုသော်၄င်း၊ ဒေသအလိုက် FUA ဖွဲ့စည်းရေးကိုသော်၄င်း၊ နှစ်မျိုးစလုံးကိုသော်၄င်း အမြန်ဆုံးအကောင်အထည်ဖော်ရန် အထူးလိုအပ်ပါသည်။ FUA အမြဲတမ်းတပ်စုဖွဲ့မှုကို မစုစည်းနိုင်မီ ဒေသအလိုက် FUA တပ်ဖွဲ့များကိုဖွဲ့စည်းပြီး ချိန်ကိုက်တိုက်ပွဲများကို ဖော်ဆောင်ကြရပါမည်။ မိမိတို့က ခုခံစစ်(resistance war) ကို ဆင်နွဲနေသည်ဆိုရာ၌ ခုံစစ်သက်သက်သာရှိသောခုခံစစ်(passive resistance) မှ ခုံစစ်ရော-ထိုးစစ်ပါ,ပါဝင်သော တက်ကြွသောခုခံစစ် (active resistance) အဖြစ် ပြောင်းလဲနိုင်ရန်လိုအပ်သည်။

FUA အနေဖြင့် အနဲဆုံးတလမှာတစ်ကြိမ်ထက်မနဲ ချိန်ကိုက်လှုပ်ရှားမှုစတင်သည်နှင့်တပြိုင်နက် ဗမာ့စစ်အုပ်စုသည် ပြဿနာကိုဖြေရှင်းရန် စတင်ကိုင်တွယ်သည့်အနေဖြင့် စကားပြောရန် UNFC ကို ကမ်းလှမ်းလာနိုင်ပေသည်။ ဤတွေ့ဆုံမှုမှ နိုင်ငံရေးဆွေးနွေးပွဲပေါ်လာသည်အထိ FUA ၏ ချိန်ကိုက်တိုက်ပွဲများဖြင့် ဆက်တိုက်ဖိအားပေးရန်လိုသည်။

လွတ်လပ်ရေးရသည့်နေ့မှစ၍တချိန်လုံး စစ်အုပ်စုက စစ်ရေးအရဖိအားပေးပြီး ငြိမ်းချမ်းရေးကို အကြိမ်ပေါင်းများစွာ ဖိတ်ခေါ်ခဲ့သော်လည်း အပေါ်စည်းမှ သူတို့လိုသလို ကစားခဲ့ကြသည်။ ယခု UNFC အနေဖြင့်လည်း FUA ၏စစ်ရေးလှုပ်ရှားမှုဖြင့် မိမိတို့လိုအပ်သော နိုင်ငံရေးဆွေးနွေးပွဲဆီသို့အရောက် ဖိအားပေးသွားရမည်ဖြစ်သည်။ ဤသို့မလုပ်ခဲ့လျှင်(သို့မဟုတ်) မလုပ်နိုင်ခဲ့လျှင် မိမိတို့လိုလားသော နိုင်ငံရေးဆွေးနွေးပွဲ ဖြစ်ပေါ်လာမည်မဟုတ်ပေ။ သို့ဖြစ်၍ နိုင်ငံရေးဆွေးနွေးပွဲစားပွဲဝိုင်းသို့ ရောက်အောင် FUA အနေဖြင့် အဓိကဖော်ဆောင်တွန်းပို့ပေးရန် လိုအပ်သည်။

## FUA ၏ တရားသောခုခံစစ် အောင်ရမည်။

စစ်ရေးနှင့်ပတ်သက်လာလျှင် ဖယ်ဒရယ်ပြည်ထောင်စုတပ်(FUA)ကို ပြည်နယ်တိုင်းမှ ပြည်နယ်တပ်ဖွဲ့များဖြင့် စတင်ဖွဲ့စည်းပေးရမည်ဖြစ်သည်။ အင်အားနဲ့သော(သို့မဟုတ်) တပ်ဖွဲ့များမရှိသေးသောပြည်နယ်များကိုမူ အမြန်ဆုံး ပါဝင်လာနိုင်အောင် အင်အားကြီးတပ်ဖွဲ့များက မိမိတို့၏မဟာဗျူဟာဆိုင်ရာ တာဝန်တရပ်အနေဖြင့် အားဖြည့်တည်ဆောက်ပေးရန်လိုသည်။ FUA ၏လှုပ်ရှားမှု ပြင်းထန်လာလေ နိုင်ငံတကာမှ အလေးထားမှုနှင့်အသိအမှတ်ပြုမှု အားကောင်းလာလေ ဖြစ်လာပေမည်။

တချိန်တည်းတွင်- ရန်သူစစ်အုပ်စုတပ်များထဲမှ မိမိတို့သည် <u>မတရားသောကျူးကျော်စစ်(unjust war)</u>ကို တိုက်နေရသူများဖြစ်ပြီး FUA မှာ <u>တရားသောခုခံစစ်(just war)</u>ကိုတိုက်နေကြသူများဖြစ်သည်ဟု အမြင်ရှင်းလာသည်နှင့်အမျှသူတို့၏ခံယူချက်ပြောင်းလဲလာပြီး စစ်တိုက်လိုစိတ် ကုန်ခမ်းလာမည်ဖြစ်သည်။ အကျိုးဆက်အဖြစ် ဗမာစစ်အုပ်စုတပ်ဖွဲ့များတွင် နိုင်ငံရေးအရ အသိပြောင်းလာသူများ၊ တပ်တွင်း ဆင်းရဲဒုက္ခအကျပ်အတည်း အနိဋ္ဌာရုံမျိုးစုံကိုခံစားနေရသော စစ်သားများ၊ ဗမာမဟုတ်သောတိုင်းရင်းသားလူမျိုးစစ်သားများ.....စသဖြင့် ကူးပြောင်းလာမည့်အရေအတွက် ပိုမိုများပြားလာရုံမက ရန်သူတပ်တွင်း ထိန်းမနိုင်သိမ်းမရ ဖရိုဖရဲဖြစ်လာနိုင်သည်ကိုပါ ထည့်တွက်ပြီး ဖြစ်ကြပါလိမ့်မည်။

ရန်သူစစ်အုပ်စုတပ်ဖွဲ့များအတွင်း စိတ်ပိုင်းဆိုင်ရာအားနဲချက်များ၊ ရုပ်ပိုင်းဆိုင်ရာအားနဲချက်များ အမြင့်ဆုံးအချိန်ရောက်နေသည်ကို ကောင်းကောင်းသဘောပေါက် အသုံးချနိုင်ဖို့အရေးကြီးပါသည်။ မိမိတို့ဖက်မှမူ ဗမာတပ်များ မြေလှန်စနစ်ကို အသုံးချမှုကြောင့် ပြည်သူလူထု နှိပ်စက်သတ်ဖြတ်ခံရပြီး ဆင်းရဲဒုက္ခမျိုးစုံကိုခံကြရမည်မှာ ရှောင်လွှဲ၍မရသော စစ်၏အနိဋ္ဌာရုံဖြစ်သည်။ သို့ဖြစ်၍ မတရားကျူးကျော်စစ်ကို အမြန်ဆုံးအဆုံးသတ်ရေးသည် အဓိကဖြစ်သည်။ မတရားသောစစ်ကို တရားသောစစ်ဖြင့် အောင်နိုင်ရမည်။ တရားသောစစ်တို့မည်သည် နောက်ဆုံးတွင် အောင်ပွဲရစမြဲဖြစ်သည်ကို ယုံကြည်မှုခိုင်မာရမည်။

မိမိတို့ဖက်မှ တရားသောခုခံစစ်ကိုဆင်နွှဲနေသော ရဲဘော်များအနေအထားမှာ မတရားသောကျူးကျော်စစ်ကို ကျူးလွန်နေသာ ဗမာ့စစ်အုပ်စုတပ်သားများနှင့် စိတ်ပိုင်းဆိုင်ရာအရ လုံးဝပြောင်းပြန်ဖြစ်သည်။ မိမိတို့အမျိုးသားနှင့်တိုင်းပြည်အတွက် ကယ်တင်ရေးစစ်ဆင်နွှဲနေရသဖြင့် အမြဲတမ်းတက်ကြွနေကြသည်။ ရုပ်ပိုင်းဆိုင်ရာ၌ တဖွဲ့ချင်းအနေအထားအရ အားနဲ့သော်လည်း FUA အနေဖြင့်စုပေါင်းလိုက်လျှင် စစ်၏အနေအထားအရ အားချင်းမကွာလွန်းဟု ဆိုနိုင်သည်။ ယင်းအပြင် FUA ၏ တရားသောခုခံစစ်နှင့်အရည်အသွေးကို နိုင်ငံတကာက လျစ်လျူရှုနေမည်မဟုတ်။ အဆင့်တခုတွင် FUA၏ ပြည်ထောင်စုကို ကာကွယ်မည့်တရားဝင်မှုကို အသိအမှတ်ပြုလာရမည်။

ယင်းကြောင့် တရားသောခုခံစစ်ကို အချိန်မြှင့်လုပ်ဆောင်ရန် အထူးလိုအပ်သည်။ ဤအခြေအနေများကို တန်ဖိုးရှိရှိအသုံးချနိုင်ရန် မိမိတို့ဖက်မှလိုအပ်သည်များကို တက်ညီလက်ညီ ခြေမြန်လက်မြန် ပြင်ဆင်ရန်လိုအပ်ပါသည်။ UNFC ၏ မှန်ကန်ပြတ်သားသောနိုင်ငံရေးဦးဆောင်မှုအောက်တွင် ညီညွတ်စည်းလုံးသော တခုတည်းသော FUA စစ်မိန့်ပေးဌာနမှ ပေးအပ်လာသော စစ်ရေးတာဝန်များကို UNFC အဖွဲ့ဝင်တိုင်း တညီတညွတ်တည်းယုံကြည်မှု အပြည့်အဝဖြင့် တက်ကြွစွာ တာဝန်ထမ်းဆောင်ကြဖို့ အရေးကြီးကြောင်း လေးစားစွာတင်ပြအပ်ပါသည်။

**UNFC ၏ ခိုင်မာသောညီညွတ်အားဖြင့် စစ်မှန်သော ဖယ်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ကြပါစို့**

လေးစားစွာဖြင့်-

ဦးခင်မောင်
ရခိုင်ပြည်အမျိုးသားကောင်စီ(ANC)
ရခိုင်ပြည်။

ဇူလိုင်လ ၁၀-ရက်၊ ၂၀၁၂-ခု။

(ကန့်သတ်)